myantrade

# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

July 9, 2019 Volume 21, Number 7

| ၉.၇.၂၀၁၉ | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၃၉၄ /-US$ |
| မြန်မာ့ရွှေဈေး | = ၁၁၂၀၅၀၀/ကျပ် |
| ဒေါ်လာဈေး | = ၁၅၀၉/ကျပ် |
| CBM Rate | = ၁၅၀၇.၈/ကျပ် |
| ယူရို တစ်ယူရို | = ၁၆၈၈.၆ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၁၀၇.၀ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၈၈၀.၄ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၃၈၄.၃ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၀၄၅.၆ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၁၈.၉၃ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၁.၉၆၄ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၂၇.၄၂ ကျပ် |
| မလေးရှားရင်းဂစ် | = ၃၆၃.၈၅ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၈.၈၉၉ ကျပ် |

Source: CBM Rate, etrademyanmar.com

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.org
myantradetir2016@gmail.com

## လက်ရှိအစိုးရလက်ထက်မှာ ပို့ကုန်နှစ်ဆနီးပါး တိုးတက်လာဟုဆို




စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်ပြောကြားခဲ့သလို ပို့ကုန်သုံးဆမြှင့်တင်ရေးအား ဆောင်ရွက်ခဲ့ရာ လက်ရှိအချိန်တွင် ယခင်အစိုးရလက်ထက် နောက်ဆုံးဘဏ္ဍာနှစ်နှင့်နှိုင်းယှဉ်ပါက ပို့ကုန်နှစ်ဆနီးပါးတိုးတက်လာခဲ့သည်ဟု စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန လက်ထောက်အတွင်းဝန် ဦးခင်မောင်လွင်ကဆိုသည်။ လက်ရှိကတော့ဒီအစိုးရစတက်ချိန်မှာ ပို့ကုန်သုံးဆတိုးမြှင့်မယ်ဆိုပြီးဆောင်ရွက်ခဲ့တာပေါ့။ သို့သော်လည်း လက်ရှိအနေအထားထိ ပို့ကုန်နှစ်ဆနီးပါး တိုးတက်လာနေပြီ။ အရင်အစိုးရရဲ့နောက်ဆုံးအချိန်ထက်စာရင်နှစ်ဆနီးပါးတိုးတက်လာတဲ့အနေအထားရှိတယ်ဟု ဦးခင်မောင်လွင်က ပြောဆိုလိုက်သည်။

ပြည်ပနိုင်ငံများသို့ နယ်စပ်ကုန်သွယ်မှုနှင့် ပင်လယ်ရေကြောင်းကုန်သွယ်မှုနှစ်ခုစလုံးမှ ပို့ကုန်တင်ပို့မှုအပိုင်းတွင် နှစ်စဉ်တိုးတက်လာနေခြင်းဖြစ်သည်ဟုသိရသည်။ ဆက်လက်ပြီး တင်ပို့မှုအပိုင်းမှာ တိုးတက်မှုများရှိနေအုံးမည်ဟုလည်း ဦးခင်မောင်လွင်ကသုံးသပ်ခဲ့သည်။ ယခုဘဏ္ဍာနှစ်အတွင်း ဇွန်လကုန်အထိ ပို့ကုန်စုစုပေါင်း တင်ပို့မှုအမေရိကန်ဒေါ်လာ (၁၂.၆) သန်းကျော်ရှိနေပြီးယခင်နှစ် ကာလတူထက် (တစ်ဘီလီယံ) ကျော် ပိုမိုများပြားနေကြောင်း ကုန်သွယ်ရေးဦးစီးဌာန၏ အချက်အလက်များ အရသိရသည်။

ပို့ကုန်တင်ပို့မှုအပိုင်းတွင် နှစ်စဉ်တိုးတက်လာသည့် ကဏ္ဍများရှိနေပြီး သိသာထင်ရှားမှုအရှိဆုံးကဏ္ဍမှာ CMP အထည်ချုပ်လုပ်ငန်းများကဖြစ်ပြီး ယခုနှစ်အတွင်း (၃ဘီလီယံ)ကျော်အထိ ပြည်ပသို့ တင်ပို့နိုင်ခဲ့သည်ဟုသိရသည်။ ပို့ကုန်ကဏ္ဍကို တိုးတက်ဆောင်ရွက်နိုင်ခဲ့သည့်အတွက်

ကုန်သွယ်မှုလိုငွေကိုလည်း လျှော့ချနိုင်ခဲ့ပြီး ယခုဘဏ္ဍာနှစ်(၉)လအတွင်း လိုငွေ (၁ဘီလီယံ)ကျော်သာ ရှိနေခဲ့သည်ဟု စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှသိရသည်။

**Source:** http://www.betvmyanmar.com/my/news

## မြို့ပြပတ်ဝန်းကျင် လေထုသန့်စင်ရေးကို အလေးထားမှုပြုနေသည့် နန်နင်းမြို့တော်

ကွမ်ရှီး(ကျွမ့်)ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၏မြို့တော်ဖြစ်သည့် နန်နင်းမြို့မှာ ရေထု၊ လေထုနှင့် မြေထု ညစ်ညမ်းမှုများကို ထိန်းချုပ်ရန်နှင့် ကောင်းမွန်သော ဂေဟာစနစ်ဆိုင်ရာ ပတ်ဝန်းကျင်ကို ထိန်းသိမ်းထားရှိရန် အားထုတ်ကြိုးပမ်းလျက်ရှိသည်ကို စာရေးသူမှ ရေးသားဖော်ပြခဲ့ဖူးပါသည်။ နန်နင်းမြို့၏ မြို့ပြဝန်းကျင်လေထု အရည်အသွေးမှာ တစ်နိုင်ငံလုံးဆိုင်ရာ စံချိန်စံညွှန်းကို အပြည့်အဝပြည့်မီပါသည်။ ၂၀၁၈ ခုနှစ်အတွင်း နန်နင်းတွင် ကောင်းမွန်သည့်ဝန်းကျင်လေထုအရည်အသွေးပါဝင်မှုနှုန်းမှာ ၉၃.၄ ရာခိုင်နှုန်းဖြစ်ခဲ့ကာ တစ်နှစ်ပတ်လုံးတွင် ကောင်းကင် ပြာပြာရှိသည့် နေ့ရက်ပေါင်း ၃၄၀ ရက်ရှိခဲ့သဖြင့် တရုတ်နိုင်ငံရှိ အဓိကမြို့ ၁၆၉ မြို့အနက် ထိပ်တန်းမြို့ ၂၀ စာရင်းတွင် ပါဝင်ခဲ့ပါသည်။ ၂၀၁၉ ခုနှစ်၊ ဇွန်လ (၇) ရက်နေ့တွင် ယခုနှစ် ဇန်နဝါရီလမှ မေလအထိနှင့် မေလအတွင်း တစ်နိုင်ငံလုံး ဆိုင်ရာလေထု အရည်အသွေးအခြေအနေ အစီရင်ခံစာကို တရုတ်နိုင်ငံ တစ်နိုင်ငံလုံးရှိ အဓိကမြို့ (၁၆၈)မြို့မှ လေထုအရည် အသွေးများကို အကဲဖြတ်လျက် ဂေဟာစနစ်ဆိုင်ရာ သဘာဝပတ်ဝန်းကျင် ဝန်ကြီးဌာနမှ ထုတ်ပြန်ခဲ့ပါသည်။ ယခုအကြိမ် တွင်လည်း နန်နင်းမြို့တော်သည် အကဲဖြတ်ချက်(၂)ရပ်လုံးတွင် ထိပ်တန်းအဆင့်(၂၀) အတွင်းရှိနေပြန်ပါသည်။ အထူးသဖြင့် မြို့ပြပတ်ဝန်းကျင် လေထုအရည်အသွေးမှာ ဇန်နဝါရီလမှ မေလအတွင်း အဆင့်(၁၃)၊ အမေလအတွင်း အဆင့်(၁၅)နေရာတွင် ရှိနေခဲ့ သည်ကို တွေ့ရပါသည်။

ယမန်နှစ်အတွင်း ကွမ်ရှီးတွင် ကောင်းမွန်သော မြို့ပြသဘာဝပတ်ဝန်းကျင် ဆိုင်ရာ လေထုကုသမှု နှင့် နေ့ရက်များ၏ အချိုးမှာ ၉၁.၆ ရာခိုင်နှုန်းရှိခဲ့ကြောင်းတွေ့ရပြီး၊ လေထုအတွင်း အမှုန်အမွှား၊ ပိုးမွှား၊ ကျောက်မီးသွေးမှုန်စသည့် ညစ်ညမ်းစေတတ်သော PM10 နှင့် PM2.5 တို့၏ နှစ်စဉ်ပျမ်းမျှပါဝင်မှုများမှာ ၅၇ မိုက်ခရိုဂရမ်/ကုဗမီတာနှင့် ၃၅ မိုက်ခရိုဂရမ်/ကုဗမီတာ အသီးသီးရှိခဲ့ပါသည်။ ယခုနှစ်အတွင်းတွင်မူ နန်နင်းမြို့၏ မြို့ပြနယ်မြေရှိ အကောင်းဆုံးနှင့် ကောင်းမွန်သော လေထုအရည်အသွေး ရာခိုင်နှုန်းမှာ ၉၄ ရာခိုင်နှုန်းရှိပြီး ယခင်နှစ် အလားတူ ကာလကထက် ၃.၆ ရာခိုင်နှုန်းတက်လာသည်ကို တွေ့ရပါသည်။ ပိုမိုအသေးစိတ်စွာ ဖော်ပြရလျှင် လေထုအရည်အသွေး အကောင်းဆုံးနေ့ ရက်ပေါင်း (၉၂) ရက်ရှိခဲ့ပြီး၊ ကောင်းမွန်သောနေ့ရက်ပေါင်း (၆၆)ရက်ရှိခဲ့ပါသည်။ PM10 ပါဝင်မှုမှာ တစ်ကုဗမီတာလျှင် ၅၂ မိုက်ခရိုဂရမ်ရှိပြီး ယမန်နှစ်ကထက် ၁၆.၁ ရာခိုင်နှုန်း ကျဆင်းခဲ့ခြင်းဖြစ်ပါသည်။ PM2.5 ပါဝင်မှုမှာ တစ်ကုဗမီတာလျှင် ၃၁ မိုက်ခရိုဂရမ်ရှိပြီး ယခင်နှစ်အလားတူကာလ ကထက် ၂၀.၅ ရာခိုင်နှုန်း ကျဆင်းခဲ့သည်ကိုတွေ့ရပါသည်။

နောက်ထပ်ခြေလှမ်းအနေဖြင့် နန်နင်းမြို့တော်သည် လေထုညစ်ညမ်းမှုကို ပူးတွဲကာကွယ်ထိန်းချုပ်မှုပြုလုပ်သွားရေး အနီးကပ်အလေးထားပြုလုပ်သွားရန်၊ မြို့ပြ လေထုကာကွယ်မှုကို တည်ထောင်သွားရန်နှင့် အကဲဖြတ်သည့် ယန္တရားကို မြန်နိုင်သမျှ အမြန်ဆုံးထိန်းချုပ်သွားရန်တို့အပြင် စက်မှုလုပ်ငန်းများမှ ထွက်လာသော မြို့ပြဖုန်အမှုံ၊ မီးရှို့သည့် လုပ်ငန်းများနှင့် လေထုညစ်ညမ်းမှုများအပေါ် ဘက်စုံကုသသမှုတစ်ရပ်အား အကောင်အထည်ဖော်သွားလိမ့်မည်ဖြစ်ပါသည်။ ၄င်းအစီအစဉ်တွင် ပါဝင်သည့် ခြေလှမ်း တစ်ရပ်အနေဖြင့် မော်တော်ယာဉ်များနှင့် လမ်းများပေါ်တွင် အသုံးမပြုသည့် ရွှေ့လျား စက်ပစ္စည်းများ၏ မီးခိုးပိုက်များမှ ထွက်ရှိသောလေထုညစ်ညမ်းမှုကိုထိန်းချုပ်ရန်နှင့် ကာကွယ်ရန် စည်းမျဉ်းများကို ဇူလိုင်လ (၁) ရက်နေ့မှစ၍ တရားဝင် အကောင်အထည်ဖော် သွားမည်ဖြစ်ပါသည်။ ၄င်းစည်းမျဉ်းများအရ မော်တော်ယာဉ်နှင့် မြေတူးစက်များနှင့် ပိုင်တိုင်ရိုက်စက်များမှ အလွန်အမင်းထွက်ရှိလာသော မီးခိုးငွေ့များကို ပုံရိပ်ဖမ်းယူနိုင်သည့် အဝေးမှ အလိုအလျောက်အာရုံခံသည့် ထိန်းကျောင်းကြပ်မတ်သည့်စနစ်ကို အသုံးပြုသွားမည်ဖြစ်ကာ ဥပဒေအရ ဒဏ်ငွေချမှတ် သွားမည်ဖြစ်ပါသည်။ အလွန်အကျွံ မီးခိုးထုတ်လွှတ်မှုများကို သက်သေနှင့်တကွတွေ့ရှိပါက ယွမ် (၅၀၀၀) ဒဏ်ငွေ ချမှတ်သွားမည်ဖြစ်ပါသည်။ ယခုနှစ် မေလအထိ စာရင်းများအရ (စီရင်စုများနှင့်တိုက်နယ်များအပါအဝင်) နန်နင်းမြို့တွင် အသုံးပြုနေသော မော်တော်ယာဉ်ပေါင်း ၁.၉၇၅ သန်းရှိပါသည်။ မော်တော်ယာဉ်များမှ PM2.5 ထုတ်လွှတ်မှုမှာ ဗဟိုမြို့ပြ နယ်မြေများတွင်ပါဝင်သော PM2.5 စုစုပေါင်း၏ ၁၅ ရာခိုင်နှုန်းခန့်ရှိပါသည်။ တစ်ပြိုက်နက်တည်းမှာပင် လမ်းမပေါ်တွင် အသုံးမပြုသည့် စက်အမျိုးမျိုးမှလည်း လေထုညစ်ညမ်းစေသည့် ဒြပ်ပစ္စည်းများကို ထုတ်လွှတ်သဖြင့် နန်နင်းမြို့တော် အနေဖြင့် မြို့တော်၏လေထုအရည်အသွေးကို ထိန်းသိမ်းကာကွယ်ရန်ဆောင်ရွက်ခြင်းဖြစ်ကြောင်း သတင်းရရှိပါသည်။

**Source: English.nanning.gov.cn** စီးပွားရေးသံမှူး-နန်နင်းမြို့

## ပဲပုပ်သီးနှံစိုက်ပျိုးထုတ်လုပ်မှု ဆက်လက်မြင့်တက်ရန်မျှော်လင့်လျှက်ရှိခြင်း

ယခုနှစ်အတွင်း တရုတ်နိုင်ငံ၌ ပဲပုပ်သီးနှံစိုက်ပျိုးထုတ်လုပ်မှု ၈.၆ သန်းဟက်တာကျော်ရှိမည်ဟုမျှော်လင့်ရကြောင်း၊ ယခုနှစ်တိုးတက်မှုသည် (၄) နှစ်မြောက်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးနှင့် ကျေးလက်ရေးရာဝန်ကြီးဌာနမှ (၂၆.၆.၂၀၁၉) ရက်နေ့တွင် ပြောကြားခဲ့ကြောင်း၊ ယခုနှစ်အတွင်း နွေဦးရာသီနှင့် နွေရာသီအတွင်း ဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် ဆောင်ရွက်ရာတွင် တရုတ်နိုင်ငံတစ်ဝှမ်းတွင် ပဲပုပ်သီးနှံစိုက်ပျိုးရန် တိုးတက်မှုရှိပါကြောင်းနှင့် ပဲပုပ်စိုက်ပျိုး ထုတ်လုပ်ရာမှုလဒေသဖြစ်သည့် Pan Wenbo ဒေသ၊ တရုတ်ပြည်အရှေ့မြောက်ပိုင်းတွင် တိုးတက်မှုအများအပြားရှိပါကြောင်း၊ ပြည်တွင်းစားသုံးမှုမြင့်တင်ရန်နှင့် မကြာသေးမီနှစ်များကဖြစ်ပေါ်ခဲ့သော ဝယ်လိုအားရောင်းလိုအားကွာဟမှုများအား လျော့ချနိုင်ရန်အတွက် ယခုနှစ်မှ စတင်၍ ပဲပုပ်ထုတ်လုပ်ခြင်းလုပ်ငန်းများ ပိုမိုအားကောင်းလာစေရန်အတွက် ဝန်ကြီးဌာနမှ စီမံကိန်းဖြင့် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း လယ်ယာလုပ်ငန်းများကြီးကြပ်ရေးအရာရှိမှ ဝန်ကြီးဌာနအစည်းအဝေးတစ်ခုတွင် ပြောကြားခဲ့ကြောင်း၊ စီမံကိန်းအကောင်အထည်ဖော်မှုနှင့်အတူ တရုတ်နိုင်ငံတွင် လာမည့်နှစ်ကုန်တွင် ပဲပုပ်စိုက်ပျိုး ထုတ်လုပ်မှု ၉.၃ သန်းဟက်တာကျော် တိုးတက်လာမည်ဟုမျှော်လင့်ကြောင်းနှင့် တစ်ဟက်တာချင်းအလိုက်ထွက်ရှိမှုလည်း တိုးတက်လာမည်ဟု မျှော်လင့်ကြောင်း၊ တရုတ်နိုင်ငံတွင် ပရိုတင်းနှင့် စားသုံးဆီ ပြည်တွင်း စားသုံးမှုမြင့်တက်လာသည်နှင့်အမျှ တရုတ်နိုင်ငံအတွင်းတွင် ပဲပုပ်သီးနှံဝယ်လိုအားမှာလည်း မကြာသေးမီနှစ်များအတွင်း မြင့်တက်လာပါကြောင်း၊ တရုတ်နိုင်ငံ၏ တင်သွင်းကုန်များမှ ပဲပုပ်အားအများဆုံးစားသုံးကြသောကြောင့် ပဲပုပ်သည် တရုတ်နိုင်ငံ၏ အဓိကစိုက်ပျိုးရေးသွင်းကုန်ပစ္စည်းဖြစ်ကြောင်း ၂၀၁၉ ခုနှစ်၊ ဇွန်လ ၂၇ ရက် ကြာသပတေးနေ့ ထုတ် China Daily သတင်းစာ၌ Soybean crop Expected to Continue Production growth သတင်းဆောင်းပါးအား Wang XIAODONG က ရေးသားဖော်ပြထားပါသည်။

**Source: China Daily**

**စီးပွားရေးသံမှူး-ဟောင်ကောင်**

## နမ်းနက်မျိုးစိတ်ပေါင်း ၂၀ ၏ လက္ခဏာများကို လက်တွေ့လေ့လာမည်

စိုက်ပျိုးရေးသုတေသနဦးစီးဌာနနှင့် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (JICA) တို့ ပူးပေါင်း၍ လာမည့်စက်တင်ဘာတွင် နမ်းနက်မျိုးစိတ်ပေါင်း ၂၀ ၏ အရည်အချင်းလက္ခဏာများကို လက်တွေ့ လေ့လာ ဆောင်ရွက်မည်ဖြစ်ကြောင်းသိရသည်။ စိုက်ပျိုးရေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာနိုင်ကြည်ဝင်းက တောင်သူတွေအတွက် လိုအပ်နေတဲ့ မျိုးစေ့အရည်အသွေးမီအောင် ရရှိအသုံးပြုနိုင်ဖို့ နမ်းနက်တွေရဲ့ အရည်အသွေးလက္ခဏာတွေ လေ့လာဆောင်ရွက်ရမှာဖြစ်တယ်ဟုပြောသည်။

စိုက်ပျိုးရေးသုတေသနဦးစီးဌာန (ရုံးချုပ်-ရေဆင်း) နှင့် မကွေးစိုက်ပျိုးရေးသုတေသနခြံတို့၌ စမ်းသပ်ကွက်များ စိုက်ပျိုးကာ လက်တွေ့လေ့လာခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ သုတေသနပြု ဆောင်ရွက်နေသော နမ်း၊ မြေပဲနှင့် ပဲမျိုးစုံသီးနှံများတွင် မိဘမျိုးစေ့ အခြေခံအဆင့်မှ အမျိုးသားမှတ်ပုံတင်သည့်အဆင့်ထိ မျိုးစေ့ထုတ်လုပ်သည့် လုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နိုင်ရန်အတွက် ဆွေးနွေးလျက်ရှိသည်။ ထို့ပြင် စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ သုတေသနပြုထုတ်လုပ်ထားသော သီးနှံမျိုးများနှင့် သီးနှံမျိုးကွဲများ၊ လက်ရှိဆောင်ရွက်နေသည့် သီးနှံမျိုးစေ့ထုတ်လုပ်မှု အခြေအနေများ၊ လယ်ယာသီးနှံများအတွက် ဓါတ်ခွဲခန်းဆိုင်ရာ စမ်းသပ်ချက်များနှင့် ကွင်းဆင်းစစ်ဆေးမှု အခြေအနေများ၊ မျိုးကူးစပ်မွေးမြူသည့် သုတေသန ပညာရှင်များ၏ ကျွမ်းကျင်မှုများ၊ ပိုးမွှား၊ ရောဂါကင်းစင်သော မျိုးစေ့များရရှိရန်အတွက် မျိုးစေ့စမ်းသပ်စစ်ဆေးရာတွင် အသုံးပြုနေသည့် ဓါတ်ခွဲခန်းနှင့်လုပ်ငန်းသုံးပစ္စည်းများ၊ မျိုးစေ့ထုတ်လုပ်သည့် လုပ်ငန်းစဉ်များတွင် သုတေသနပညာရှင်များအနေဖြင့် ရင်ဆိုင်ကြုံတွေ့ရသော အခက်အခဲများ၊ သီးနှံမျိုးစေ့ထုတ်လုပ်ငန်း စဉ်များတွင် ပုဂ္ဂလိက အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်သည်။

စိုက်ပျိုးရေးသုတေသနဦးစီးဌာန (DAR) လက်အောက်ရှိ ဆီထွက်သီးနံ သုတေသနဌာနစုသည် တောင်သူများ၏ ဝင်ငွေတိုးတက်စေရန် ဒေသ၊ ရေမြေ၊ ရာသီဥတုနှင့်ကိုက်ညီသည့် အရည်အသွေးကောင်း ဆီထွက်သီးနံမျိုးကောင်း မျိုးသစ်များနှင့် စိုက်ပျိုးနည်းစနစ်များ ရှာဖွေဖော်ထုတ်လျက်ရှိသည်။ နမ်းသီးနံကဏ္ဍဖွံ့ဖြိုးစေခြင်းဖြင့် ဆီကြိတ်ဖတ်မှ ရရှိလာသည့်ပဲဖတ်များ၏ အရည်အသွေးများကိုလည်း စိုက်ပျိုးရေးသုတေသနဦးစီးဌာနလက်အောက်ရှိ စပါးဇီဝဥယျာဉ်သုတေသနဌာနစုနှင့်ပူးပေါင်းကာ သုတေသနပြု ဆောင်ရွက်သွားမည်ဖြစ်ရာ ကျွဲ၊ နွားတိရိစ္ဆာန်များအတွက်လည်း အရည်အသွေးပြည့်ဝသော အစာဖတ်များရရှိနိုင်မည့်အပြင် မျိုးသစ်များရရှိလာမည်ဖြစ်သည်။

**Source:** https://www.facebook.com/amiamyanmar/posts/2318763668209116?__tn__=K-R

## ပွင့်ဖြူဒေသ ဆူးပုပ်ပင်စိုက်တောင်သူများ ဝင်ငွေကောင်း



မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် မုန်းချောင်းတစ်လျှောက်ပတ်ဝန်းကျင်ရှိ ကျေးရွာ အများစုမှာ ကိုင်းမြေနုပေါ်တွင် ဆူးပုပ်ကြီး၊ ဆူးပုပ်ကလေးများစိုက်ပျိုးကာ မိသားစုဝင်ငွေ ကောင်းနေကြောင်း ဆူးပုပ်စိုက်တောင်သူများထံမှသိရသည်။ မုန်းချောင်းကိုင်းမြေနုပေါ်တွင် ဒေးဒရဲ၊ သာစည်၊ သဲကုန်းနှင့် ညောင်ကုန်းကျေးရွာ တို့မှ တောင်သူများသည် ဥယျာဉ်ခြံလုပ်ငန်းနှင့် ရာသီပေါ်သီးနှံစိုက်ပျိုးလျက်ရှိရာ ဆူးပုပ်ပင်မှဝင်ငွေကောင်းစွာရရှိနေသဖြင့် ယခုနောက်ပိုင်းတွင် စီးပွားဖြစ်စိုက်ပျိုး လုပ်ကိုင်လာကြသည်။ ဆူးပုပ်ပင်စိုက်မယ်ဆို အစေ့တိုက်ရိုက်ချနည်းနဲ့ အပင်ပေါက် စိုက်နည်း ဆိုပြီး နှစ်မျိုးရှိတယ်။ ကျွန်တော်ကတော့ အစေ့တိုက်ရိုက်ချစိုက်တယ်။ အပင်စစိုက်လို့ တစ်နှစ်သားဆို စပြီးခူးဆွတ်ရောင်းလို့ရတယ်။ ကိုယ်တိုင်စိုက်ပျိုးခဲ့တာကြောင့် အလုပ်သမားစရိတ်လည်းမရှိဘူး။ ဆောင်းကာလဆို ဖောက်သည်ပေးရောင်းရတယ်။ ဖောက်သည်မှာယူတဲ့အပေါ် မူတည်ပြီး အညွန့်တွေ ကိုက်ဖြတ်ရောင်းရတယ်။ ကိုင်းမြေပတ်လည်ကို ဆူးပုပ်ပင်တွေနဲ့ စည်းရိုးလုပ်ထားတာဆိုတော့ အပိုဝင်ငွေရရှိနေတာပါဟု ပွင့်ဖြူမြို့နယ် ဒေးဒရဲကျေးရွာ နေ ဆူးပုပ်စိုက်တောင်သူ ဦးမောင်စန်းကပြောဆိုသည်။

စိုက်ပျိုးမြေ သုညဒသမ ၂၅ ဧကလျှင် အပင် ၅၀၀၀ ခန့်အထိ အတန်းလိုက်စိုက်ကြကြောင်း၊ အခင်းလိုက်စိုက်မည်ဆိုပါက အပင် တစ်နှစ်သားအရွယ်မှစတင်၍ အညွန့်များကိုက် ဖြတ်ရောင်းချနိုင်ကြောင်း၊ အပင်တစ်ပင်ကို ငါးရက်လျှင်တစ်ကြိမ် အညွန့်များခူးယူရောင်းချ နိုင်ကြောင်း၊ ယခုလက်ရှိဈေးမှာ ဆူးပုပ်ရွက်တစ်ပိဿာကို ကျပ် ၁၈၀၀ ဖြင့် ဖောက်သည် ပေးရောင်းချနေရကြောင်း ၎င်းက ဖြည့်စွက်ရှင်းပြသည်။

ဆူးပုပ်ပင်သည် ပူအိုက်စိုစွတ်သောရာသီ ဥတုကိုနှစ်သက်ပြီး မြန်မာပြည်အလယ်ပိုင်း ဒေသများဖြစ်သော ပွင့်ဖြူ၊ မင်းဘူး၊ စလင်း နှင့် ဆင်ဖြူကျွန်းမြို့နယ်တို့ရှိ ဥယျာဉ်ခြံများ တွင် စီးပွားဖြစ်စိုက်ပျိုးကြသည်။ ဒေသကထွက်တဲ့ ဆူးပုပ်ကြီး၊ ဆူးပုပ်ကလေးရွက်တွေကို ငှက်ပျောဖတ်နဲ့သေချာထုပ်ပိုးပြီး ရန်ကုန်၊ မန္တလေး၊ နေပြည်တော်တို့အထိ တင်ပို့ရောင်းချတယ်။ ဆောင်းကာလမှာ အဓိကတင်ပို့ပြီး နွေပိုင်းမှာရွက်နုကျတာကြောင့် အထွက်နည်းတယ်။ နယ်တွေတင်ပို့ ရောင်းချတဲ့အခါ ဆူးပုပ်ရွက်တစ်ပိဿာ ကျပ် ၂၇၀၀ ကနေ ၃၀၀၀ အထိဈေးရပါတယ်ဟု ဆူးပုပ်ရွက်ဖောက်သည်ယူရောင်းချသူ မငယ်က ပြောဆိုသည်။

**Source:** https://myanmar.mmtimes.com/news/125347.html

## ကျေးလက်ဒေသများတွင် ငွေကြေးဝန်ဆောင်မှုပေးနေသည့်လုပ်ငန်းများ ပိုမိုတိုးတက်လာရန်နှင့်လုပ်ငန်းများတိုးချဲ့

ကျေးလက်ဒေသများတွင် ငွေကြေးဝန်ဆောင်မှုပေးနေသည့် လုပ်ငန်းများပိုမိုတိုးတက်လာရန်နှင့် လုပ်ငန်းများတိုးချဲ့ လုပ်ကိုင်ရန် VisionFund Myanmar (VFM) နှင့် UK aid မှ အမေရိကန် ဒေါ်လာ ၁ ဒသမ ၇ သန်း ရင်းနှီးမြှုပ်နှံမည် ဖြစ်ကြောင်း DaNa Facility ၏ ထုတ်ပြန်ချက်အရသိရသည်။ DaNa Facility အနေဖြင့် ကျေးလက်ဒေသများတွင် ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ လုပ်ဆောင်ပေးလျက်ရှိပြီး ဝေးလံခေါင်သီသည့်နေရာများထိပါ ထပ်မံအကူအညီ ပေးနိုင်ရေးအတွက် ရင်းနှီးမြှုပ်နှံမှုများ တိုးချဲ့လုပ်ဆောင်ခြင်းဖြစ်ကြောင်းသိရသည်။ ကျွန်မတို့အနေနဲ့ ဒီစီမံကိန်းကို ပံ့ပိုး ကူညီခွင့်ရလို့ ကျေနပ်တယ်။ စီမံကိန်းက တစ်ဆင့် VisionFund အဖွဲ့ဟာ မိုဘိုင်းပိုက်ဆံအိတ်နဲ့ ဒစ်ဂျစ်တယ် ငွေကြေး ထုတ်ကုန်တွေကို ဒေသခံတွေ အသုံးပြုနိုင်အောင် ပံ့ပိုးသွားမှာဖြစ်တယ်။ နိုင်ငံတစ်ဝန်းလုံးမှာရှိတဲ့ ဆင်းရဲနွမ်းပါး သူတွေ အပေါ် ဒီစီမံကိန်းက အတိုင်းအတာတစ်ခုအထိ ပြောင်းလဲပေးနိုင်တဲ့ အလားအလာရှိတယ်ဟု UK aid မြန်မာမှ PSD Policy Officer ဒေါ်ဆုဝင့်ဂါက ပြောသည်။ ငွေကြေးပံ့ပိုးပေးမည့် စီမံကိန်းတွင် VFM အနေဖြင့် မိုဘိုင်းဘဏ် ဝန်ဆောင်မှု များကို ချဲ့ထွင်သွားမည်ဖြစ်ကာ ပံ့ပိုးပေးရာတွင်လည်း ကျေးလက်ဒေသများ၊ ဆင်းရဲနွမ်းပါးပြီး အစဉ်တစိုက် လျစ်လျူရှုခြင်း ခံရသည့် အမျိုးသမီးများ၊ ရွှေ့ပြောင်းလုပ်သားများနှင့် အသေးစားလယ်သမားများထံသို့ ဝန်ဆောင်မှု ပေးသွားမည် ဖြစ်ကြောင်းသိရသည်။


ဆက်သွယ်ရေးအော်ပရေတာတွေနဲ့စပ်တူလုပ်ငန်းဆောင်ရွက်ခြင်းအားဖြင့် သမားရိုးကျဘဏ်လုပ်ငန်းကွန်ရက် ရောက်ရှိဖို့ ခက်ခဲတဲ့နေရာတွေမှာ ငွေကြေးဝန်ဆောင်မှုတွေကို ဆက်သွယ်ရေးကွန်ရက်စနစ်နဲ့ အသုံးပြုနိုင်အောင် တိုးမြှင့်ဆောင်ရွက်သွားမယ်ဟု Vision Fund မြန်မာမှ Program and Strategy ဒါရိုက်တာ Tim Tem pany က ပြောသည်။ မိုဘိုင်းဝန်ဆောင်မှုစနစ်များနှင့် နည်းပညာဆိုင်ရာ စွမ်းဆောင်ရည်ကို တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်

သွားမည်ဖြစ်ပြီးမြန်မာနိုင်ငံတွင် ရောက်ရှိရန်ခက်ခဲသည့်ဒေသများ၌ ၎င်းစနစ်ကို ဦးစားပေးလုပ်ဆောင်မည်ဖြစ်ကာ လက်ရှိတွင်လည်း VFM အနေဖြင့် မိုဘိုင်းဘဏ်ဝန်ဆောင်မှုများကို ဈေးကွက်မိတ်ဆက်ရန် မိတ်ဖက်လုပ်ငန်းများနှင့် ပူးပေါင်းဆောင်ရွက်ရန်ပြင်ဆင်လျက်ရှိကြောင်းသိရသည်။

ဆက်သွယ်ရေးအော်ပရေတာများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ငွေကြေးဝန်ဆောင်မှုကွန်ရက်ရောက်ရှိနိုင်မှု ပိုမိုကျယ်ပြန့်လာမည်ဖြစ်ပြီး ဝန်ဆောင်မှုပေးအပ်ရာတွင်လည်း သမားရိုးကျချေးငွေ၊ စုဆောင်းငွေနှင့်အာမခံများအပြင် ငွေဖြည့်ခြင်း၊ ငွေပို့ခြင်းနှင့် ဘေလ်ပေးချေမှုလုပ်ငန်းများကို ဆောင်ရွက်နိုင်သည့် ဝန်ဆောင်မှုများပါဝင်မည်ဖြစ်ကြောင်း၊ ထိုလုပ်ငန်းစဉ်များကို လွယ်လင့်တကူလုပ်ဆောင်နိုင်ရန်အတွက် အသုံးပြုသူများကို အသိပညာပေးခြင်း၊ ငွေကြေးကို ဒစ်ဂျစ်တယ်ဖြင့် အသုံးပြုနိုင်အောင်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်းသိရသည်။

**Source:** www.thefarmermedia.com

## တရုတ်သို့ ဆန်တန်ချိန် ၁ သိန်း တင်ပို့မည်



တရုတ်နိုင်ငံသို့ ပင်လယ်ရေကြောင်းမှ ဆန်တန်ချိန် ၁ သိန်း မကြာခင် တင်ပို့သွားမည်ဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန (စီးပွား/ကူးသန်း) လက်ထောက်အတွင်းဝန် ဦးခင်မောင်လွင်က ရောဝတီသို့ပြောသည်။ ဦးခင်မောင်လွင်ကလက်ရှိမှာလည်း ဆန်တန်ချိန် ၁ သိန်းက တရုတ်နိုင်ငံဘက်က ခွဲတမ်း (Quota) ရရှိနေတဲ့ အနေအထားရှိတယ်။ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်နဲ့ တရုတ်နိုင်ငံဘက်က အစိုးရကုမ္ပဏီဖြစ်တဲ့ COFCO နဲ့ လက်မှတ်ရေးထိုးထားပြီးပြီ။ ဝယ်ယူဖို့အတွက်ကို ဆက်လက်ညှိနှိုင်း ဆောင်ရွက်နေတယ်။ ဒါမကြာခင်မှာ တင်ပို့နိုင်မှာဟု ပြောသည်။

နှစ်စဉ် တရုတ်နိုင်ငံမှ Quota သတ်မှတ်ချိန် မတိုင်ခင်တွင် မြန်မာနိုင်ငံမှ သတ်မှတ် အရည်အချင်းနှင့် ပြည့်စုံသော ဆန်စက်များ၏ စာရင်းကို ပေးရကြောင်း၊ လက်ရှိတွင် တရုတ်နိုင်ငံဘက်မှ ဝယ်ယူမည့် ကုမ္ပဏီနှင့် မြန်မာနိုင်ငံမှ ရောင်းချမည့် ကုမ္ပဏီများ အချင်းချင်းချိတ်ဆက်ပြီး တင်ပို့မှုများရှိနေကြောင်းသိရသည်။ ထို့ပြင် တရုတ်နိုင်ငံသို့ ဆန်တင်ပို့မှု ခွဲတမ်း ရရှိရန်အတွက် စိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတို့ညှိနှိုင်းပြီး တတိယအဖွဲ့အစည်းဖြစ်သော မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်၏ စစ်ဆေးမှုဖြင့် တရုတ်နိုင်ငံသို့ ဆန်တင်ပို့ရန် ကုမ္ပဏီ ၄၂ ခုမှ ဆန်စက်ပေါင်း ၇၉ စက်ကို ရွေးချယ်ပေးပို့ထားကြောင်း ဦးခင်မောင်လွင်က ပြောသည်။ အခုလည်း ကုမ္ပဏီ ၄၂ ခု ၇၉ ခု တရုတ်နိုင်ငံဘက်ကို ပေးပို့ထားပါတယ်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီး ဌာနကနေ တရုတ်နိုင်ငံဘက်ကို သံတမန်နည်းအရ ပေးပို့ခဲ့တာ။ နောက်ပြီး ၂၀၁၄ ခုနှစ်က လက်မှတ်ရေးထိုးခဲ့တဲ့ MOU မှာ ဆန်တခုပဲပါတယ်။ ဆန်ကွဲ မပါဘူး။ ဒါကြောင့် ဆန်ကွဲကို ထပ်ထည့်ပြီးပြင်ဆင်ဖို့အတွက် စိုက်/မွေး/ဆည်က ဆောင် ရွက်နေတယ်ဟု ၎င်းက ဆိုသည်။
ထို့ကြောင့် တရုတ်နိုင်ငံဘက်သို့ ဆန်နှင့် ဆန်ကွဲနှစ်မျိုးစလုံးကို ပင်လယ်ရေကြောင်းမှ တင်ပို့နိုင်မည့် အနေအထား ရှိနေသော်လည်း တရုတ်နိုင်ငံမှ အသိအမှတ်ပြုသော ကုမ္ပဏီများကသာ တင်ပို့နိုင်မည် ဖြစ်သည်ဟု ဦးခင်မောင်လွင်က ပြောဆိုသည်။

မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် ဒုဥက္ကဋ္ဌ ဦးအာယုကဆန်စက်တွေကို ရွေးချယ်တဲ့ နေရာမှာ တရုတ်က သတ်မှတ်ထား တဲ့ စည်းကမ်းစည်းမျဉ်း လိုအပ်ချက်တွေ စာချုပ်တွေပါ အချက်အလက်တွေနဲ့ ဆန်စက်တွေကို စစ်ဆေးတယ်။ ဒုတိယ အဆင့် အနေနဲ့ ကျနော်တို့က ပိုးမွှားသန့်စင်ခြင်းနဲ့ ကျန်းမာရေး ဆိုင်ရာတွေ စစ်တယ်။ နောက်အဆင့်က ဆန်စက်တွေ အနေ နဲ့ တရုတ်ပြည်က သတ်မှတ်ထားတဲ့ အဆင့်မြင့်ဆန် ကြိတ်ခွဲနိုင်မယ့် ဆန်စက် အနေအထားကို စစ်ပါတယ်။ အဲဒီ သုံးမျိုးစစ် ပြီး အင်္ဂါရပ်နဲ့ ကိုက်ညီတဲ့ ဆန်စက်တွေကို ကျနော်တို့ တင်ပါတယ်ဟု ရှင်းပြသည်။ ဆက်လက်၍ ဦးအာယုကဒီနှစ်အတွက်တော့ အခုတင်ထားတဲ့ ဆန်စက်တွေကတော့ မီလိမ့်မယ် ထင်တယ်ဗျ။ ဘယ် လောက်ကြာမယ် ဆိုတာတော့ တရုတ်ပြည်ရဲ့Process ဖြစ်သွားပြီ။ ကျနော်လည်း မသိဘူး။ အကြမ်းဖျင်း ကျနော် သိတာ တော့ သူတို့က နှစ်စဉ်ကုမ္ပဏီ စာရင်းသွင်းတာက တနှစ်ကို တခါပဲ လုပ်တယ်။ Quota တွေကို အောက်တိုဘာ၊ နိုဝင်ဘာလမှာပေးတယ်ဟု ၎င်းကပြောဆိုသည်။ တရုတ်နိုင်ငံမှ မှတ်ပုံတင်ပြီးကြောင်း အကြောင်းကြားစာပြန်လာလျှင် ဆန်တင်သွင်းခွင့် ထပ်မံ ရရှိမည် ဖြစ်ပြီး ယခုလောလောဆယ်တွင် G To G သဘောတူလက်မှတ်ထိုးထားသော တန်ချိန် ၁ သိန်းသာတင်ပို့ရန် စီစဉ် နေသည်ဟုဆိုသည်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် အောက်တိုဘာလ ၁ ရက်မှ ပြီးခဲ့သည့် ဇွန်လဒုတိယပတ်အထိ နိုင်ငံပေါင်း ၅၈ နိုင်ငံသို့ ဆန် မက်ထရစ်တန်ချိန်ပေါင်း ၁၃ သိန်းကျော်တင်ပို့ခဲ့ရာမှ အမေရိကန်ဒေါ်လာ ၄၂၃ ဒသမ ၈၆၉ မီလီယံ ရရှိထားကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး

ဝန်ကြီးဌာနစာရင်းများအရသိရသည်။

**Source:** https://burma.irrawaddy.com/business/2019/07/09/197401.html\

## ပြည်ပတင်ပို့မည့် ကျွဲ၊ နွားများအတွက် မန္တလေးတိုင်းတွင် သိုလှောင်စခန်းတည်ဆောက်ရန် ဆွေးနွေး

တရုတ်နိုင်ငံသို့ တင်ပို့မည့် ကျွဲ၊ နွားများအား သိုလှောင်ထားရှိရန် မန္တလေးတိုင်း ဒေသကြီးအတွင်း ကျွဲ၊ နွား သိုလှောင်ကွင်းတစ်ခုအား တည်ဆောက်နိုင်ရန်အတွက် တရုတ်နိုင်ငံအစိုးရ တာဝန်ရှိသူများနှင့်ဆွေးနွေးနေကြောင်း ကျွဲ၊ နွားတင်ပို့သူများ အသင်း(မန္တလေးတိုင်းဒေသကြီး) ဥက္ကဋ္ဌ ဦးစိုးနိုင်ကပြောသည်။ ပြည်တွင်းရှိ ကျွဲ၊ နွားများအား တရုတ်နိုင်ငံသို့ တင်ပို့ရန် မြန်မာ-တရုတ်နှစ်နိုင်ငံ တာဝန်ရှိသူများ နားလည်မှုစာချွန်လွှာ MoU ထိုးပြီးပါက ကျွဲ၊ နွားများအား သိုလှောင်ထားရှိရန်အတွက် ကျွဲ၊ နွားကွင်းအား တည်ဆောက်ရန်နေရာကို တရုတ်နိုင်ငံဘက်မှ တရုတ်နိုင်ငံနှင့် ကီလီလိုမီတာ ၃၀၀ အကွာ ရှိ လားရှိုးမြို့အနီး၌ တည်ဆောက်ရန် ရွေးချယ်ထားကြောင်းသိရသည်။ သို့သော် တရုတ်နိုင်ငံမှ အဆိုပြုထားသည့် အဆိုပါ နေရာမှ လုံခြုံရေးပိုင်းဆိုင်ရာ ကိစ္စရပ်များရှိနေသည့်အတွက် ပြည်တွင်း မွေးမြူရေး လုပ်ငန်းရှင်များမှ တည်ဆောက်လိုခြင်းမရှိကြောင်းသိရသည်။ လားရှိုးမြို့အနီးကျ လုံခြုံရေးကိစ္စတွေ အဆင် မပြေနိုင်ဘူး။ ဒါကြောင့် ကျွဲ၊ နွားကွင်းကို မန္တလေးတိုင်းအတွင်းမှာပဲ တည်ဆောက်ဖို့ သင့်တော်တယ်လို့ တရုတ်နိုင်ငံဘက်ကို အကြံပြု ထားတယ်ဟု ဥက္ကဋ္ဌ ဦးစိုးနိုင်ကပြောသည်။

ပြည်တွင်းမွေးမြူရေး လုပ်ငန်းရှင်များအနေဖြင့် ကျွဲ၊ နွားကွင်းအား မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ပြင်ဦးလွင်ခရိုင် (သို့မဟုတ်) ကျောက်ဆည်ခရိုင်အတွင်း တည်ဆောက်ရန်အတွက် လျာထားကြောင်း သိရသည်။ပြည်ပသို့ တင်ပို့မည့် ကျွဲ၊ နွားများ ထားရှိရန်အတွက် ကျွဲ၊ နွားကွင်း၏ ဒီဇိုင်းပုံစံအား တရုတ်နိုင်ငံဘက်မှရေး ဆွဲထားပြီး၊ အဆိုပါကွင်းကို ကျွဲ၊ နွားများအတွက် အစာရေစာပေါများသည့်နေရာ၌ ဦးစားပေးတည်ဆောက်မည်ဖြစ်ကြောင်းသိရသည်။ ပြည်တွင်း လုပ်ငန်းရှင်များ အဆိုပြုထားသည့် ကျွဲ၊ နွားကွင်းနေရာအား တရုတ်နိုင်ငံဘက်မှသဘောတူပါက မြေနေရာအတွက် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ဆွေးနွေးမှုများပြုလုပ်သွားမည်ဖြစ်ကြောင်း ဥက္ကဋ္ဌဦးစိုးနိုင်ကပြောသည်။

**Source:** https://www.facebook.com/amiamyanmar/posts/2320251964726953?__tn__=K-R

---

## ပြည်ပနိုင်ငံများကို အခြားသရက်သီးမျိုးများတင်ပို့နေ

ယခုနှစ်အတွင်း ပြည်ပနိုင်ငံများကို စိန်တလုံးသရက်အပြင် အခြားသရက်မျိုးများပါ ပိုမိုတင်ပို့နေရကြောင်း မြန်မာ့သရက် ဈေးကွက်နှင့်နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအသင်းမှ သိရပါတယ်။ အခုနှစ်မှာက စိန်တလုံးသရက်မျိုးအပြင် ပတ္တမြားငမောက်၊ ရွှေဟင်္သာ စတဲ့အခြားသရက်မျိုးများ ပြည်ပနိုင်ငံများက ဝယ်ယူလာတဲ့အတွက် ပိုမိုတင်ပို့နိုင်တာဖြစ်တယ်လို့ မြန်မာ့သရက် ဈေးကွက်နှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအသင်းမှ အလုပ်အမှုဆောင် ဦးကျော်စွာဟိန်းကပြောပါတယ်။ ဒီနှစ်က အရင်နှစ်တွေနဲ့မတူဘူး။ သရက်သီးတန်ချိန်တွေလည်း အရင်နှစ်ကထက် ပိုမိုတင်ပို့နိုင်တယ်။ အရင်နှစ်ကဆို စိန်တလုံးကိုပဲ အဓိကတင်ပို့နိုင်ခဲ့တာ။ အခုက ပြည်ပနိုင်ငံတွေက ပတ္တမြားငမောက်၊ ရွှေဟင်္သာ အဲဒီမျိုးတွေပါ ဝယ်လာတာတွေရှိလာတော့ ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

ယခုနှစ်အတွင်း စိန်တလုံး၊ ပတ္တမြားငမောက်၊ ရွှေဟင်္သာ၊ မယ်သီနဲ့ သုံးနှစ်သရက်သီးအမျိုးအစားများကို ပြည်ပနိုင်ငံများမှ ဝယ်ယူမှုများရှိလာကြောင်း အဆိုပါအသင်းမှသိရပါတယ်။ မြန်မာ့သရက်ကို တရုတ်၊ စင်ကာပူနဲ့ ရုရှားနိုင်ငံများကို အသီး အပြင် တန်ဖိုးမြှင့်ထုတ်ကုန် ထုတ်လုပ်တင်ပို့မှုများရှိနေတာဖြစ်ကြောင်း မြန်မာ့သရက်ဈေးကွက်နှင့်နည်းပညာဖွံ့ဖြိုးတိုးတက် ရေးအသင်းမှသိရပါတယ်။

**Source:** https://greenwaymyanmar.com/posts/export_another_varieties_of_mango_to_foreign

## မူဆယ် ကုန်တင်၊ ကုန်ချ ဝန်ဆောင်ခမြင့်တက်လာ

ယခုရက်ပိုင်းအတွင်း မူဆယ် ၁၀၅ မိုင် နယ်စပ်ကုန်စည်ဒိုင်သို့ ကုန်တင်ကားစီးရေ ဝင်ရောက်မှုလျော့နည်း လာသော် လည်း ကုန်တင်၊ ကုန်ချ ဝန်ဆောင်ခများမှာ မြင့်တက်လာကြောင်း ကုန်သည်များထံမှသတင်းရရှိသည်။ ရော်ဘာနဲ့ ဖရဲ၊ သခွား၊ ဆန်နဲ့ ဆန်ကွဲ အလုပ်သမားစရိတ်က အရင်နှစ် ဒီလိုချိန်တုန်းက အလေးချိန် ၅၀ ကီ လိုကို ကျပ် ၄၀ ကနေ ကျပ် ၉၅ ကျပ် ကြားပဲရှိတယ်။ အရင်နှစ်ကာလတူတုန်းက ကားတစ်စီးကို အလုပ်သမားခ ကျပ် ငါးသောင်း ရှင်းပေးရရင် ဒီနှစ်မှာတော့ ကျပ် ခြောက်သောင်းကျော် ရှင်းပေးရတယ်။ ကုန်တင်ကားခကလည်း ဒီတိုင်းပဲ တက်လာတယ်။

ကျွန်တော်တို့ရောင်းချရတဲ့ လယ်ယာထွက်ကုန်တွေ ဈေးနှုန်းကတော့ အရင်နှစ်အတိုင်းပဲ ဘာမှမပြောင်းလဲဘူးဟု မန္တလေး-မူဆယ် ပြောင်းကုန်သည် ဦးမော်ဦးကပြောသည်။

လက်ရှိ မန္တလေးမှ မူဆယ်သို့ ဆန်နှင့် ဆန်ကွဲသယ်ယူစရိတ်မှာ တစ်ပိဿာလျှင် ကျပ် ၃၃ မှ ၅၅ ကျပ်၊ အ လုပ်သမားခ ကုန်တင်၊ ကုန်ချ ၅၀ ကီလို တစ်အိတ်လျှင် ၅၀ ကျပ်၊ သကြား(ပြည်တွင်း) တစ်ပိဿာ သယ်ယူစ ရိတ်မှာ ၃၃ ကျပ်မှ ၃၅ ကျပ်၊ အလုပ်သမားခ ကုန်တင်၊ ကုန်ချ ၅၀ ကီလို တစ်အိတ်လျှင် ၅၅ ကျပ်၊ ပြောင်း တစ်အိတ်လျှင် သယ်ယူစရိတ်မှာ ၅၀ ကျပ်မှ ၅၅ ကျပ်၊ အလုပ်သမားခမှာ ကုန်တင်၊ ကုန်ချ ၅၀ ကီလို တစ် အိတ်လျှင် ၅၀ ကျပ်၊ ရာဘာ သယ်ယူစရိတ် တစ်ပိဿာလျှင် ၅၀ ကျပ်၊ အလုပ်သမားခ ကုန်တင်ကုန်ချ ၅၀ ကီလို တစ်အိတ်လျှင် ၅၀ ကျပ်မှ ၅၅ ကျပ် အသီးသီးရှိနေကြောင်း၊ ထို့ကြောင့် ကုန်ကျစ်တစ်ပိဿာလျှင် ကျပ် ၃၃ ကျပ်မှ ၃၅ ကျပ်၊ ကုန်ပွ တစ်ပိဿာလျှင် ၅၆ ကျပ်မှ ၅၈ ကျပ်အထိ ရှိနေသည်။ မန္တလေး- မူဆယ်လမ်းကြောင်းတွင် နေ့စဉ်လယ်ယာထွက်ကုန်ပစ္စည်း တန်ချိန် ၉ သန်းမှ ၁၀ သန်းကြားအထိ သယ်ယူပို့ဆောင်နေခြင်းဖြစ်ပြီး ယင်းဇုန်၏ တစ်နှစ်တာကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ သန်းပေါင်း ၅,၃၀၀ ခန့်ရှိပြီး တစ်နိုင်ငံလုံး ကုန်သွယ်မှု၏၂၀ ရာခိုင်နှုန်းခန့်ရှိနေသည်။
နယ်စပ်စခန်း၏ ကုန်သွယ်မှု အခြေအနေ တည်ငြိမ်ပါက တစ်နေ့လျှင် ကားစီးရေ ၁,၅၀၀ ကျော်တွင် ကုန် သည် ဦးရေ ၂,၀၀၀ နီးပါး နေ့စဉ် ဝင်ရောက်ကုန်သွယ်လေ့ရှိကြောင်းသိရသည်။

သယ်ယူစရိတ်တက်လာတာဖြစ်ပေမယ့် တစ်ဖက်မှာ သီးနှံဈေးကောင်းရင်တော့ ကုန်ကျစရိတ်ကာမိစေမှာပေါ့။ ဒါပေမယ့် အခုကုန်တင်ကားတွေကို လမ်းတံတားကြေးတွေ တိုးကောက်မယ်လုပ်တော့ မူဆယ်ကို အရင်ကထက်စာရင် ကားဝင်တာ နည်းနည်းတော့လျော့နည်းတယ်။ မိုးတွင်းဆိုတော့ လမ်းပန်းဆက်သွယ်ရေးအရ ဖေးဖေးလံလံ မလိုက်တာ တွေကြောင့်လည်း ကုန်တင်စရိတ်အနည်းငယ်တက်လာတာပါ။ နောက်မိုးတွင်းဆိုတော့ ကားတွေလည်း ပျက်စီးတာ များတော့ ပြင်ဆင်စရိတ်လည်းတက်တယ်ဟု မန္တလေး၊ ကျောက်ပန်းတောင်းမှမူဆယ်သို့ ပြေးဆွဲနေသည့် ကုန်တင် ကားပိုင်ရှင် ဦးစိုးလင်းကပြောသည်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် မူဆယ်ကုန်သွယ်ရေးဇုန်သို့ ယာဉ်စီးရေ ၃၀၀၀၀ ကျော်၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ယာဉ်စီးရေ ၅၀၀၀၀ ကျော် ဝင်ရောက်ခဲ့ကြောင်းသိရသည်။
**Source:** https://www.facebook.com/amiamyanmar/posts/2320343151384501?__tn__=K-R

## STOCK EXCHANGE (9.7.2019)

YANGON STOCK EXCHANGE

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 9th Jul. 2019

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 10,500 | +0 | +0.00% | 10,500 | 11,000 | 10,500 | 3,744 | 40,462,500 | 27,112,747 | 284,684 |
| MTSH | 00002 | 3,350 | +0 | +0.00% | 3,350 | 3,350 | 3,300 | 14,863 | 49,499,150 | 38,929,150 | 130,413 |
| MCB | 00003 | 7,800 | +0 | +0.00% | 7,800 | 7,800 | 7,800 | 0 | 0 | 10,400,986 | 81,128 |
| FPB | 00004 | 23,500 | +0 | +0.00% | 23,500 | 23,500 | 23,500 | 252 | 5,922,000 | 2,472,053 | 58,093 |
| TMH | 00005 | 2,950 | +100 | +3.51% | 2,950 | 2,950 | 2,850 | 6,812 | 20,094,900 | 12,212,906 | 36,028 |

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 432.41 | +0.89 | +0.21% | 432.41 | 441.45 | 432.41 | 25,671 | 115,978,550 | 5 | 590,346 |

**Index chart**




# Market Overview

As of 12:00 pm, 9th Jul. 2019

| MYANPIX | 440.92 ▲ 9.40 |
|---|---|
| Total Volume (shares) | 24,043 |
| Total Value (MMK) | 111 mil |
| Listed Company | 5 |
| Market Cap. (MMK) | 601,955 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 11,000 | ▲ 500 |
| MTSH | 00002 | 3,300 | ▼ 50 |
| MCB | 00003 | 7,800 | ▲ 0 |
| FPB | 00004 | 23,500 | ▲ 0 |
| TMH | 00005 | 2,950 | ▲ 100 |